www.dhammadownload.com

## ပါရမီပုံရိပ် အမှတ်တံဆိပ် မဟာပုရိသလက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး

၁။ သုပ္ပတိဋ္ဌိတပါဒတာ လက္ခဏာတော် = ကောင်းစွာတည်သော ခြေတော် ရှိခြင်း၊
၂။ စက္ကေနင်္ကိတပါဒတာ = အမှတ်တံဆိပ် ခပ်နှိပ်အပ်သော ခြေတော် ရှိခြင်း၊
၃။ ဒီဃပဏှိတာ = ရှည်သော ဖနောင့်တော် ရှိခြင်း၊
၄။ အာယတင်္ဂုလိတာ = ရှည်သွယ်သော လက်ချောင်းတော် ရှိခြင်း၊
၅။ ဗြဟ္မုဇုဂတ္တတာ = ဖြောင့်မတ်သောကိုယ် ရှိခြင်း၊
၆။ သတ္တုဿဒတာ = ၇-ပါးသောအရပ်တို့၌ ပြည့်ဖြိုးသော အသားတော် ရှိခြင်း၊
၇။ မုဒုတလုဏဟတ္ထပါဒတာ = နူးပျံ့သော လက်ခြေတော် ရှိခြင်း၊
၈။ ဇာလဟတ္ထပါဒတာ = ဇာကွန်ယက်ပမာညီစွာတည်သော လက်ချောင်းတော်ခြေချောင်းတော် ရှိခြင်း၊
၉။ ဥဿင်္ခပါဒတာ = အထက်သို့ မြင့်တက်သော ဖမျက်တော် ရှိခြင်း၊
၁၀။ ဥဒ္ဓဂ္ဂလောမတာ = အထက်သို့ အဖျားလှည့်သော မွေးညင်းတော် ရှိခြင်း၊
၁၁။ ဧဏီဇင်္ဃတာ = လုံး၍ တက်သော ခြေသလုံးတော် ရှိခြင်း၊
၁၂။ သုခုမစ္ဆဝိတာ = နူးညံ့သိမ်မွေ့သော အသားအရေတော် ရှိခြင်း၊
၁၃။ သုဝဏ္ဏဝဏ္ဏတာ = ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းတော် ရှိခြင်း၊
၁၄။ ကောသောဟိတဝတ္ထဂုယှတာ = အအိမ်ဖြင့် ဖုံးအပ်သော အင်္ဂါဇာတ်တော် ရှိခြင်း၊
၁၅။ နိဂြောဓပရိမဏ္ဍလ = အရပ်တော်နှင့် အလံတော် ညီမျှခြင်း၊
၁၆။ ဇာဏုပရာမသန = မကိုင်းမညွတ် မတ်မတ်ရပ်တော်မူလျက် ပဆစ်ဒူးဝန်း ၂-ဖက်တို့ကို သုံးသပ်တော်မူနိုင်ခြင်း၊
၁၇။ ဝဋ္ဋက္ခန္ဓတာ = လုံးသော လည်ပင်းတော် ရှိခြင်း၊
၁၈။ စိတန္တရတာ = လက်ပြင်ရိုး ၂-ဖက်ကြား၌ ပြည့်သော အသားတော် ရှိခြင်း၊
၁၉။ သီဟပုဗ္ဗဒ္ဓကာယတာ = အထက်အောက် ၂-ဌာန၌ ပြည့်ဝသော ကိုယ်တော် ရှိခြင်း၊
၂၀။ ရသဂ္ဂသဂ္ဂိတာ = အမြတ်ဆုံးဖြစ်သော ခုနစ်ထောင်သော အကြောတော် ရှိခြင်း၊
၂၁။ အဘိနီလနေတ္တတာ = ရွှမ်းရွှမ်းစိုမှု ညိုသော မျက်လုံးတော် ရှိခြင်း၊
၂၂။ ဂေါပခုမတာ = မျက်မွေးစီရရီ အလွန်ကြည်လင်သော မျက်လုံးတော် ရှိခြင်း၊
၂၃။ ဥဏှီသသီသတာ = နဖူးတော်အပြင်ဝယ် သင်းကျစ်ပြား ဖွဲ့ပတ်ထားသကဲ့သို့ လွန်စွာတင့်တယ်သော လုံးသောဦးခေါင်းတော် ရှိခြင်း၊
၂၄။ ဧကေကလောမတာ = မွေးတွင်းတစ်တွင်းလျှင် တစ်ပင်တစ်ပင်စီသော အမွေးတော် ရှိခြင်း၊
၂၅။ ဥဏ္ဏာလောမတာ = ထူးခြားပေါ်လွင် အလွန်ဖြူစင်သော မွေးရှင်တော် ရှိခြင်း၊
၂၆။ စတ္တာလီသဒန္တတာ = သွားတော်-၄၀ တိတိ ပြည့်ပြည့်စုံစုံ ရှိခြင်း၊
၂၇။ အဝိရဠဒန္တတာ = သွားအကြားတိုင်း၌ မကြဲသော လက္ခဏာတော် ရှိခြင်း၊
၂၈။ ပဟူတဇိဝှတာ = နူးနူးညံ့ညံ့ ပြန့်ပြန့်ကျယ်ကျယ် လျှာတော် ရှိခြင်း၊
၂၉။ ဗြဟ္မဿရတာ = သာယာသော အသံတော် ရှိခြင်း၊
၃၀။ သီဟဟနုတာ = ပြည့်သော မေးတော် ရှိခြင်း၊
၃၁။ သမဒန္တတာ = ညီသော သွားတော် ရှိခြင်း၊
၃၂။ သုသုက္ကဒါဌတာ = အလွန်ဖြူစင်သော စွယ်တော် ရှိခြင်း။

**(ဗုဒ္ဓမြတ်စွာ၏ လက္ခဏာတော်ကြီးဟူသော သိရီဘုန်းတော်သည် အကျိုးတရား ဖြစ်၏၊ အကျိုးသာမက ထိုအကျိုး၏ အကြောင်းတို့ကိုပါ သေချာကျနစွာ သိလျှင် လွန်စွာအကျိုးများပါလိမ့်မည်။)**

www.dhammadownload.com


**မဟာပုရိသလက္ခဏာတော်ကြီး ၃၂-ပါးတို့တွင် တစ်ပါး, တစ်ပါး၌ -**

(၁) ကမ္မ၊ (၂) ကမ္မသရိက္ခက၊ (၃) လက္ခဏ၊ (၄) လက္ခဏာနိသံသ-ဟူသော ၄-ချက်သောအနက်အဓိပ္ပာယ်ကြောင်း-ကျိုးဆက်စပ်မှု သဘောတရားများ ပါဝင်လျက် ရှိ၏၊ ဤ ၄-ချက်တို့တွင် -

**(၁) ကမ္မ** = ဘုရားဖြစ်ရန် ရည်သန် ပြုလုပ် အားထုတ်ဆည်းပူးတော်မူခဲ့သည့်, လက္ခဏာတော်ကြီးများကို ဖြစ်စေတတ်သော **ရှေးကောင်းမှုကုသိုလ်အဆောက်အဦ**ကို ခေါ်ဆိုသည်။

**(၂) ကမ္မသရိက္ခက** = ကံနှင့်တူစွာ ဖြစ်ပေါ်လာသည့် လက္ခဏာတော်တို့၏ **အစွမ်းသတ္တိဂုဏ်(အကျိုးရင်း)**ကို ခေါ်ဆိုသည်။

**(၃) လက္ခဏ** = ရှေးကောင်းမှုကုသိုလ်အဆောက်အဦကြောင့် ယခုဘဝရရှိသော ညီညာသော ဖဝါးတော်အပြင်ရှိခြင်းစသော ၃၂-ပါးသောလက္ခဏာတော်ကြီးများသည် **ရှေးကုသိုလ်ကံအကြောင်းကို သိမှတ်ကြောင်း အမှတ်အသားများ** ဖြစ်သောကြောင့် လက္ခဏ မည်၏။

**(၄) လက္ခဏာနိသံသ** = လက္ခဏာတော်ကို ဖြစ်စေတတ်သည့် **ရှေးကောင်းမှုကုသိုလ်ကံ၏ အကျိုးဆက်**ကို ခေါ်ဆိုသည်။

**ပုံစံအားဖြင့် -**

ရှေးဘဝပေါင်းများစွာ၌ ဘုရားဖြစ်ကြောင်း ကောင်းမှုကုသိုလ်တို့ကို မည်သူတစ်ဦး, တစ်ယောက်မျှ တားဖျက်၍ မရနိုင်အောင် မြဲမြဲ ကြံ့ခိုင် မယိုင်မလှုပ် အားထုတ်ဆည်းပူးတော်မူခဲ့ခြင်းသည် **(၁) ကမ္မ** မည်၏။

ထိုကဲ့သို့ ကောင်းမှုကုသိုလ်တို့ကြောင့် ဘုရားဖြစ်တော်မူမည့် နောက်ဆုံးဘဝ၌ ညီညာသော ဖဝါးတော်အပြင်ရှိခြင်းသည် ရှေးကုသိုလ်ကံအကြောင်းကို သိမှတ်ကြောင်းဖြစ်သောကြောင့် **(၃) လက္ခဏ** မည်၏။

ထိုလက္ခဏာတော်၏ အစွမ်းသတ္တိဖြစ်သော မြဲမြဲ ကြံ့ခိုင်, မယိုင်မလှုပ်, မတ်မတ်ခိုင်ကျည် ရပ်တည်တော်မူနိုင်ခြင်း၊ ကြွချီတော်မူနိုင်ခြင်းသည် **(၂) ကမ္မသရိက္ခက** မည်၏။ (အကြောင်းဖြစ်သောကံ၌ မြဲမြဲ ကြံ့ခိုင် မယိုင်မလှုပ် အားထုတ်ခြင်း စွမ်းရည်သတ္တိ ပါရှိသကဲ့သို့ အကျိုးဖြစ်သောလက္ခဏာတော်၌လည်း မြဲမြဲ ကြံ့ခိုင် မယိုင်မလှုပ် ရပ်တည်တော်မူနိုင်ခြင်း၊ ကြွချီတော်မူနိုင်ခြင်း စွမ်းရည်သတ္တိ ပါရှိလာသည်၊ ဤသို့ အကြောင်းဖြစ်သောကံ၌ ပါရှိသည့် ဂုဏ်ထူးသတ္တိနှင့် တူသော အကျိုးဖြစ်သည့် လက္ခဏာတော်၌ ပါရှိသည့် ဂုဏ်ထူးသတ္တိကို **ကမ္မသရိက္ခက** ဟူ၍ ခေါ်ဆိုသည်။)

ဖဝါးတော်ညီညာခြင်းဟူသော အကျိုးရင်း လက္ခဏာတော်ကို အကျိုးပေးရရုံဖြင့် အားမရသေးဘဲ အတွင်းအပ ရန်သူတို့ ကျူးကျော်ဝံ့စား လှုပ်ချောက်ချားမှု မပြုနိုင်ခြင်းတည်းဟူသော အကျိုးဆက်ကိုလည်း တစ်ဖန်အကျိုးပေးပြန်၏၊ ထိုအကျိုးဆက်သည် **(၄) လက္ခဏာနိသံသ** မည်၏။

## ၁။ သုပ္ပတိဋ္ဌိတပါဒတာ လက္ခဏာတော် = ကောင်းစွာတည်သော ခြေတော် ရှိခြင်း

**အကြောင်းကောင်းမှု (ကမ္မ)**

မြတ်စွာဘုရားသည် အလောင်းအလျာဖြစ်ခဲ့သော ဘဝများစွာတို့၌ ကုသိုလ်ကောင်းမှုနှင့် ကျင့်ဝတ်တရားတို့ကို ပြုလုပ်ရာဝယ် လွန်စွာခိုင်မြဲတော်မူ၏၊ မိမိပြုနေသောကောင်းမှုကို အခြားသူတို့က နောက်ဆုတ်အောင် ပြောသော်လည်း မည်သည့်အခါမျှ တွန့်ဆုတ်ခြင်း မရှိ။

**အကျိုး လက္ခဏာတော် (လက္ခဏ၊ ကမ္မသရိက္ခက)**

ထိုကဲ့သို့ ကုသိုလ်ကောင်းမှုကိစ္စစု၌ နောက်မဆုတ်ဘဲ ခိုင်မြဲစွာ ဆောက်တည်ခဲ့ခြင်းကြောင့် ဘုရားဖြစ်တော်မူမည့် နောက်ဆုံးဘဝ၌ ညီညာသောဖဝါးတော်ရှိပြီး ခြေတော်၏ ခိုင်မြဲစွာတည်ခြင်းဟူသော (သုပ္ပတိဋ္ဌိတပါဒတာ လက္ခဏာတော်)အကျိုးကို ရတော်မူသည်။

www.dhammadownload.com



**လက္ခဏာတော်ကို ရတော်မူခြင်း၏ အကျိုးဆက်မှာ (လက္ခဏာနိသံသ)**

အကျိုးပေးဖို့ရန် ရှေးရှုနေသောအကျိုးတို့ကို မည်သူမျှ မတားမြစ်နိုင်ခြင်း၊ ပေးအပ်ပြီးသောအကျိုးကိုလည်း မည်သူမျှ ဖယ်ခွာ၍ မချနိုင်ခြင်းတည်း။

**ဤသို့ အကြောင်းကောင်းမှု, အကျိုးလက္ခဏာတော်, လက္ခဏာတော်၏အကျိုးဆက်တို့ကို စဉ်းစားဆင်ခြင်ကာ -**

(၁) ဗုဒ္ဓမြတ်စွာ၏ အကျိုးလက္ခဏာတော်တို့ကို အာရုံပြုလျှင်-**အမြတ်ဆုံးဘာဝနာဖြစ်သော ဗုဒ္ဓါနုဿတိဘာဝနာ ပွားများရာ ရောက်ပါသည်။**

(၂) ဗုဒ္ဓမြတ်စွာ၏ ရှေးရှေးအကြောင်းကောင်းမှုကို အာရုံပြုလျှင်-**မိမိတို့လည်း ကုသိုလ်ကောင်းမှုကိစ္စစုဥ္ပြုဖို့ရန်အခွင့်ကြုံလာလျှင် နောက်မဆုတ်ဘဲ ခိုင်မြဲအောင် ပြုတတ်လာပါလိမ့်မည်။**

အမှတ်စဉ်-၁ လက္ခဏာတော်ကို **အာရုံပြု၍ ရှိခိုးပုံ** (ကြွင်းလက္ခဏာတော်များ ရှိခိုးပုံကိုလည်း နည်းတူ သိပါ)

"**မြတ်စွာဘုရားရှင်သည် အလောင်းအလျာဖြစ်ခဲ့သော (ပ) မည်သည့်အခါမျှ တွန့်ဆုတ်ခြင်း မရှိ၊**
**ထိုကဲ့သို့ (ပ) ခြေတော်၏ ခိုင်မြဲစွာတည်ခြင်းဟူသော (သုပ္ပတိဋ္ဌိတပါဒတာ လက္ခဏာတော်)နှင့်**
**အကျိုးပေးဖို့ရန် ရှေးရှုနေသောအကျိုးတို့ကို မည်သူမျှ မတားမြစ်နိုင်ခြင်း၊ ပေးအပ်ပြီးသော အကျိုးကိုလည်း မည်သူမျှ ဖယ်ခွာ၍ မချနိုင်ခြင်း**
**အကျိုးဆက်တို့ကို ရရှိတော်မူပါပေ၏**"
**ထိုမြတ်စွာဘုရားရှင်ကို ဘုရားတပည့်တော်သည် ရိုသေ မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။**

---

## ၂။ စက္ကေနင်္ကိတပါဒတာ = အမှတ်တံဆိပ် စပ်နှိပ်အပ်သော ခြေတော် ရှိခြင်း

**အကြောင်းကောင်းမှု**

မြတ်စွာဘုရားသည် ကမ္ဘာများစွာဖြစ်ခဲ့ရာ၌ များစွာသောဘဝတို့ဝယ် သတ္တဝါများချမ်းသာအောင် ဆောင်ရွက်ခြင်း၊ ဘေးကင်းအောင် တရားနှင့်အညီ စောင့်ရှောက်ခြင်း၊ အလှူဒါနပြုလုပ်ရာဝယ် မူလဒါန၏အခြံအရံအဖြစ်ဖြင့် ဆိုင်ရာပစ္စည်းကိုပါ ထည့်၍လှူလေ့ရှိခြင်းတို့ကို ပြုလုပ်တော်မူ၏။

**အကျိုး လက္ခဏာတော်**

ထို့ကြောင့် ဘုရားဖြစ်တော်မူမည့် နောက်ဆုံးဘဝ၌ ခြေဖဝါးတော်အပြင်ဝယ် ခြေတော်၏အခြံအရံအဖြစ်ဖြင့် စက်လက္ခဏာတော်များ ထင်ပေါ်၍ လာခြင်းဟူသောအကျိုးကို ရတော်မူသည်။

**လက္ခဏာတော်ကို ရတော်မူခြင်း၏ အကျိုးဆက်မှာ**

လူ့(စကြာမင်း)အဖြစ်၌ ပုဏ္ဏား သူကြွယ်စသော များစွာသောအခြံအရံတို့ကို ရခြင်း၊ ဗုဒ္ဓဖြစ်သောအခါ၌လည်း ဗြဟ္မာ နတ် လူ၊ ဘိက္ခု ဘိက္ခုနီ၊ ဥပါသကာ ဥပါသိကာ ပရိသတ်ဟူသော များစွာသောအခြံအရံတို့ကို ရခြင်းတည်း။

**ဤ ၃-ချက်တို့ကို စဉ်းစားဆင်ခြင်ကာ -**

(၁) . . . အမြတ်ဆုံးဘာဝနာဖြစ်သော ဗုဒ္ဓါနုဿတိဘာဝနာပွားများရာလည်း ရောက်ပါသည်။

(၂) . . . မိမိတို့လည်း သတ္တဝါများချမ်းသာအောင် စောင့်ရှောက်နေထိုင်၍ ကုသိုလ်ပြုရာအခါ၌ ကုသိုလ်ဒါန၏အခြံအရံပါအောင် ပြုတတ်လာပါလိမ့်မည်။

---

| | | |
|---|---|---|
| **၃။ ဒီဃပဏှိတာ** | = | **ရှည်သော ဖနောင့်တော် ရှိခြင်း** |
| **၄။ အာယတင်္ဂုလိတာ** | = | **ရှည်သွယ်သော လက်ချောင်းတော် ရှိခြင်း** |
| **၅။ ဗြဟ္မုဇုဂတ္တတာ** | = | **ဖြောင့်မတ်သော ကိုယ် ရှိခြင်း** |

★ မြတ်စွာဘုရားသည် များစွာသောဘဝတို့ဝယ် ပါဏာတိပါတမှ ရှောင်ကြဉ်တော်မူ၏၊ ညှဉ်းပန်းရန် တုတ်ဓား လက်နက် မကိုင်၊ သတ္တဝါတို့၏စီးပွားချမ်းသာကို လိုလားစောင့်ရှောက်သနားတတ်သည့် မေတ္တာကရုဏာဖြင့် နေတော်မူခဲ့သည်။

www.dhammadownload.com



★ ထို့ကြောင့် ဘုရားဖြစ်တော်မူမည့် နောက်ဆုံးဘဝ၌ (၃) ဖနောင့်တော်ရှည်ခြင်း၊ (၄) ရှည်သွယ်သော လက်ချောင်းတော် ရှိခြင်း၊ (၅) ဖြောင့်မတ်သောကိုယ် ရှိခြင်းဟူသောအကျိုးကို ရတော်မူသည်။

★ အသက်တော်ရှည်ခြင်းတည်း။

**ဤ ၃-ချက်တို့ကို စဉ်းစားဆင်ခြင်ကာ -**

(၁) + (၂) . . . မိမိတို့လည်း သတ္တဝါတို့အပေါ် မေတ္တာကရုဏာထား၍ သန်းဥ ပိုးမွှားကလေးမျှ မသတ်မိအောင် ရှောင်တတ်လာပါလိမ့်မည်။

---

**၆။ သတ္တုဿဒတာ = ၇-ပါးသောအရပ်တို့၌ ပြည့်ဖြိုးသော အသားတော် ရှိခြင်း**

★ အစာအာဟာရတို့ကို ပေးလှူသောအခါ မိမိတတ်နိုင်ပါလျှင် အဆီဩဇာအရသာရှိသော မွန်မြတ်သောအစာအာဟာရတို့ကိုသာ ပေးလှူတော်မူ၏။

★ လက်ဖမိုးတော် ၂-ဖက်၊ ခြေဖမိုးတော် ၂-ဖက်၊ ပခုံးတော် ၂-ဖက်၊ လည်ကုပ်တော်အားဖြင့် ၇-ပါးသောအရပ်တို့၌ ပြည့်ဖြိုးသော အသားတော် ရှိခြင်း။

★ အဆီဩဇာအရသာရှိသော မွန်မြတ်သော အစာအာဟာရတို့ကို ရတော်မူခြင်း။

**ဤ ၃-ချက်တို့ကို စဉ်းစားဆင်ခြင်ကာ -**

(၁) + (၂) . . . မိမိတို့လည်း တတ်နိုင်ပါမူ အဆီဩဇာ အရသာရှိသော မွန်မြတ်သော အစာအာဟာရတို့ကိုသာ စွန့်ကြဲပေးကမ်းလှူဒါန်းကြပါလေ။

---

**၇။ မုဒုတလုဏဟတ္ထပါဒတာ = နူးညံ့သော လက်ခြေတော် ရှိခြင်း**

**၈။ ဇာလဟတ္ထပါဒတာ = ဇာကွန်ယက်ပမာ ညီစွာတည်သော လက်ချောင်းတော် ခြေချောင်းတော် ရှိခြင်း**

★ လူတို့ကို သင်္ဂဟတရား ၄-ပါးဖြင့် ချီးမြှောက်ခဲ့၏၊ (ဒါန, ပိယဝါစာ, အတ္ထစရိယာ, သမာနတ္တတာ)

★ သူတစ်ပါး စိတ်ချမ်းသာအောင် စိတ်နူးညံ့အောင် အမျိုးမျိုးသောနည်းလမ်းဖြင့် ချီးမြှောက်သိမ်းသွင်းခဲ့သောကြောင့် များစွာသောလူတို့၏ လက်ခြေကဲ့သို့ မကြမ်းတမ်းဘဲ နူးနူးညံ့ညံ့ ရှိခြင်း၊ လက်မ ခြေမမှ တစ်ပါးသော လက်ချောင်းများ ခြေချောင်းတော်တို့သည် အရှည်ပမာဏအားဖြင့် ညီမျှကြကုန်၏၊ ကျွမ်းကျင်သောလက်သမားသည် လေသာပြူတင်းပေါက်၌ ဇာကွန်ယက်ကို တပ်သောအခါ အဖျားညီညီ စီရရီရှိအောင် တပ်၏၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ လက်ချောင်း ခြေချောင်းတော် ညီပုံကို ဇာကွန်ယက်နှင့် တူ၏ဟု ဥပမာပြုကြသည်။

★ မခွဲမခွါ အမြဲပါအောင် ကောင်းစွာ သိမ်းသွင်းအပ်ပြီးသော ပရိသတ်အခြံအရံ ရှိခြင်း။

**ဤ ၃-ချက်တို့ကို စဉ်းစားဆင်ခြင်ကာ -**

(၁) + (၂) . . . မိမိတို့လည်း မိမိဆိုင်ရာလူအများကို သင်္ဂဟ ၄-ပါးဖြင့် ချီးမြှောက်နိုင်၊ သိမ်းသွင်းနိုင်အောင် အမြဲ သတိထား၍ ကြိုးစားကြပါလေ။

---

**၉။ ဥဿင်္ခပါဒတာ = အထက်သို့ မြင့်တက်သော ဖမျက်တော် ရှိခြင်း**

**၁၀။ ဥဒ္ဓဂ္ဂလောမတာ = အထက်သို့ အဖျားလှည့်သော မွေးညင်းတော် ရှိခြင်း**

★ သမ္ပပ္ပလာပစကားမှ ရှောင်ကြဉ်ခဲ့၍ ဆရာ မိဘအဖြစ် မိတ်ဆွေအဖြစ်ဖြင့် တပည့်တို့အားလည်းကောင်း၊ သားသမီးတို့အားလည်းကောင်း၊ မိတ်ဆွေတို့အားလည်းကောင်း ဤဘဝ နောက်ဘဝ၌ ကြီးမြင့်ကြောင်း ကောင်းသောတရားစကားကိုသာ ဟောပြောလေ့ ရှိခဲ့ပေသည်။

★ ဖမိုးတော်မှ အထက်သို့ လက်နှစ်သစ် သုံးသစ်မျှ မြင့်တက်သော ဖမျက်တော် ရှိခြင်း၊ အထက်သို့ အဖျားလှည့်သော မွေးညင်းတော် ရှိခြင်း။
★ လူနတ်ပြဟ္မာသတ္တဝါ ဟူသမျှထက် အသာဆုံးအမြတ်ဆုံး ဖြစ်ရခြင်း။

**ဤ ၃-ချက်တို့ကို စဉ်းစားဆင်ခြင်ကာ -**
(၁) + (၂) . . . မိမိတို့လည်း မိမိဆိုင်ရာ လူအများကို အကျိုးရှိ၍ ကောင်းမှုနှင့်စပ်သည့် မြင့်မြတ်သောစကားကို ပြောပြကြပါလေ။

---

## ၁၁။ ဧဏိဇင်္ဃတာ = လုံး၍ တက်သော ခြေသလုံးတော် ရှိခြင်း

★ ဆရာအဖြစ် အသိပညာ-အတတ်ပညာတို့ကို သင်ပေးသောအခါ မိမိတပည့်အပေါင်းကို ဒူးတုပ်စေခြင်းအားဖြင့်လည်းကောင်း, အစေအပါး ခိုင်းခြင်းအားဖြင့်လည်းကောင်း, ဒူးတို့ကို ညောင်းစေ၍ ကြာရှည်စွာ မသင်ရဘဲ အမြန်သိလွယ် တတ်လွယ်အောင် နည်းကောင်းလမ်းကောင်း စည်းမျဉ်းကောင်းတို့ကို ညွှန်ပြလျက် ဆရာစားမချန် သင်ပေးခဲ့၏၊
★ ဧဏီမည်သော သားကောင်၏ ခြေသလုံးနှင့်တူသော ခြေသလုံးတော် ရှိခြင်း၊
★ မင်းဖြစ်လျှင် မင်းနှင့်ထိုက်တန်သော အသုံးအဆောင်ကို ရ၍ ရဟန်းဖြစ်လျှင် ရဟန်းတော်နှင့် ထိုက်တန်သောပစ္စည်းလာဘ်ကို လျင်မြန်စွာ ရတော်မူခြင်းတည်း။

**ဤ ၃-ချက်တို့ကို စဉ်းစားဆင်ခြင်ကာ -**
(၁) + (၂) . . . မိမိတို့လည်း ဆရာဖြစ်သောအခါ တပည့်တို့အား မပင်မပန်း အမြန်သိလွယ် တတ်လွယ်အောင် သင်ပြကြပါလေ။

---

## ၁၂။ သုခုမစ္ဆဝိတာ = နူးညံ့သိမ်မွေ့သော အသားအရေတော် ရှိခြင်း

★ ပညာရှိပုဂ္ဂိုလ်အထံ ချဉ်းကပ်၍ "ကုသိုလ်, အကုသိုလ်တရားဟူသည် အဘယ်ပါနည်း၊ အပြစ်ရှိ မရှိ၊ မှီဝဲ မမှီဝဲအပ်၊ ပြုမိသော် ချမ်းသာဆင်းရဲ ဖြစ်စေသည့်တရားဟူသည် အဘယ်ပါနည်း" စသော သိမ်မွေ့သောအကြောင်းအရာတို့ကို မေးမြန်း ဆွေးနွေးလေ့ရှိ၏၊
★ နူးညံ့သိမ်မွေ့သော အသားအရေတော် ရှိခြင်း၊
★ အရာရာ၌ သူတစ်ပါးထက် သာအောင် ကြီးကျယ်သော ဉာဏ်ပညာရှိတော်မူခြင်း။

**ဤ ၃-ချက်တို့ကို စဉ်းစားဆင်ခြင်ကာ -**
(၁) + (၂) . . . မိမိတို့လည်း ပညာရှိများထံ ချဉ်းကပ်၍ ကုသိုလ် အကုသိုလ်ကံနှင့် ထိုကံ၏အကျိုးစသော တရားတို့ကို မေးမြန်း ဆွေးနွေးတတ်ကြပါစေ။

---

## ၁၃။ သုဝဏ္ဏဝဏ္ဏတာ = ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းတော် ရှိခြင်း

★ အဝတ်ကို လှူသောအခါ လှူဖို့ရန် အဆင်သင့်ရှိလျှင် နူးညံ့သောအဝတ်ခြုံထည်အခင်းတို့ကို ပေးလှူလေ့ရှိ၏၊ ထို့ပြင် များစွာသောဘဝတို့၌ အမျက်ဒေါသ မဖြစ်အောင်, ဖြစ်ပြန်လျှင်လည်း လျှင်မြန်စွာ ပယ်ဖျောက်ထိန်းသိမ်း ငြိမ်းစေလေ့ရှိသည်၊ အကြိတ်အခဲ မရှိ၊ ရန်ငြိုးဖွဲ့ခြင်း မရှိခဲ့ပေ။
★ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းတော် ရှိခြင်း၊
★ နူးညံ့သော အဝတ်ခြုံထည် အခင်းတို့ကို ရတော်မူခြင်း။

www.dhammadownload.com



**ဤ ၃-ချက်တို့ကို စဉ်းစားဆင်ခြင်ကာ -**

(၁) + (၂) . . . မိမိတို့လည်း တတ်နိုင်ပါလျှင် နူးညံ့သောအဝတ်ခြုံထည်အခင်းတို့ကို ပေးလှူနိုင်အောင် ကြိုးစားကြပါလေ၊ ထိုသို့ ပေးလှူရာ၌ ရွှေအဆင်းရဖို့အရေး ဆုမတောင်းမိစေဘဲ နိဗ္ဗာန်ကိုသာ ရည်စူးကြပါလေ၊ အမျက်ဒေါသကိုလည်း နည်းပါးအောင် ကြိုးစားကြပါလေ။

---

**၁၄။ ကောသောဟိတဝတ္ထဂုယှတာ = အအိမ်ဖြင့် ဖုံးအပ်သော အင်္ဂါဇာတ်တော် ရှိခြင်း**

★ မိဘနှင့်ကွဲနေသော သားသမီးတို့ကိုလည်းကောင်း, သားသမီးနှင့်ကွဲနေသော မိဘတို့နှင့်လည်းကောင်း, ကွဲနေသော ဆွေမျိုးတို့ကိုလည်းကောင်း, အချင်းချင်းပြန်၍တွေ့အောင် ကိုယ်တိုင်လည်း ပို့ဆောင်ခဲ့၏၊ ရှင်ဘုရင်စသည် ဖြစ်သောအခါ ကွဲနေသူတို့ကို ပြန်၍တွေ့အောင် ဆောင်ပေးဖို့ရာ မြို့တံခါးပေါက်စသော အရပ်တို့၌ မင်းချင်းယောက်ျား အစေအပါးတို့ကို ထားပေးခဲ့၏။

★ (ဥသဘနွားမြတ် အင်္ဂါဇာတ်ကဲ့သို့) အအိမ်ဖြင့် ဖုံးအပ်သော အင်္ဂါဇာတ်တော် ရှိခြင်း။
(သားသမီးနှင့် မိဘ, ဆွေမျိုးအချင်းချင်းတို့သည် တစ်ယောက်အပြစ်ကို တစ်ယောက် ကာကွယ်ဖုံးထားပေးလေ့ ရှိ၏၊ ဆွေမျိုးအချင်းချင်းပေါင်းမိအောင် ဆောင်တော်မူခြင်းသည် အပြစ်ကို ကာကွယ်နိုင်ခြင်း၏ အကြောင်းကို ပြုရာရောက်၏၊ လူတို့၏အင်္ဂါဇာတ်လည်း မမြင်အပ်သော အပြစ်တစ်မျိုးပင်တည်း၊ ထိုအင်္ဂါဇာတ်ကို တိုးလိုတွဲလဲ မနေစေဘဲ ဥသဘနွားမြတ်အင်္ဂါဇာတ်ကဲ့သို့ အအိမ်ဖြင့် ဖုံးထားခြင်းသည် အပြစ်ကို ဖုံးကွယ်ရာရောက်၏။)

★ သားရတနာများစွာ ပြည့်စုံခြင်း။
(လူမင်းဖြစ်လျှင် တစ်ဖက်စစ်တပ်ကို အလွယ်တကူနှိမ်နင်းနိုင်သော သားပေါင်းတစ်ထောင်နှင့် ပြည့်စုံ၏၊ ဗုဒ္ဓမြတ်စွာ ဖြစ်သောအခါလည်း အရှင်သာရိပုတ္တရာစသော သားရတနာများစွာနှင့် ပြည့်စုံတော်မူသည်။)

**ဤ ၃-ချက်တို့ကို စဉ်းစားဆင်ခြင်ကာ -**

(၁) + (၂) . . . မိမိတို့လည်း ဆွေမျိုးချင်းကွဲနေသည်ကို မြင်ရသောအခါ ပြန်၍ ပေါင်းမိအောင် စွမ်းနိုင်သမျှ ရွက်ဆောင်ကြပါလေ။

---

**၁၅။ နိဂြောဓပရိမဏ္ဍလ = အရပ်တော်နှင့် အလံတော် ညီမျှခြင်း**

**၁၆။ ဇာဏုပရာမသန = မကိုင်းမညွတ် မတ်မတ်ရပ်တော်မူလျက် ပဆစ်ဒူးဝန်း၂-ဖက်တို့ကို သုံးသပ်တော်မူနိုင်ခြင်း**

★ သူတစ်ပါး၏ဂုဏ်ကို အမှန်အတိုင်း သိတော်မူရကား ဂုဏ်ထူးရှိသူတို့ကို ဂုဏ်ထူးအလိုက် ပေးကမ်းချီးမြှောက်ခဲ့၏၊ လျှော့၍လည်း မချီးမြှောက်၊ ပို၍လည်း မချီးမြှောက်ပါ။

★ အရပ်တော်နှင့် အလံတော် ညီမျှ၍ ပညောင်ပင်အဝန်းကဲ့သို့ လုံးချော သပ္ပါယ်သော ကိုယ်တော်ရှိခြင်း၊ မတ်မတ်ရပ်တော်မူလျက်ပင် ကိုယ်တော်ကို မကိုင်းညွတ်ဘဲ လက်ဖဝါးတော် ၂-ဖက်ဖြင့် ပဆစ်ဒူးဝန်း၂-ဖက်တို့ကို သုံးသပ်တော်မူနိုင်ခြင်း။ (ကိုယ်တော်အထက်ပိုင်း-အောက်ပိုင်း ညီညွတ်ခြင်း)

★ လူမင်းဖြစ်လျှင် လောကီဥစ္စာ ရတနာတို့နှင့် ပြည့်စုံခြင်း၊ တရားမင်းဘုရားဖြစ်လျှင် သဒ္ဓါ သီလစသော လောကုတ္တရာဥစ္စာ ရတနာတို့နှင့် ပြည့်စုံခြင်း။

**ဤ ၃-ချက်တို့ကို စဉ်းစားဆင်ခြင်ကာ -**

(၁) + (၂) . . . မိမိတို့လည်း ကိုယ့်အောက်ငယ်သားတို့ကို ဂုဏ်အားလျော်စွာ ချီးမြှောက်တတ်ကြပါစေ။

---

www.dhammadownload.com



**၁၇။ ဝဋ္ဋက္ခန္ဓတာ = ညီညာလုံးဝန်းသော လည်တိုင်တော် ရှိခြင်း**
**၁၈။ စိတန္တရတာ = လက်ပြင်ရိုး၂-ဖက်ကြားၡ ပြည့်သော အသားတော် ရှိခြင်း**
**၁၉။ သီဟပုဗ္ဗဒ္ဓကာယတာ = အထက်အောက် ၂-ဌာနၡ ပြည့်ဝသော ကိုယ်တော် ရှိခြင်း**

★ သတ္တဝါတို့၏ ကြီးပွားချမ်းသာကြောင်းကို အလိုရှိတော်မူရကား ပြုလေ့ရှိသမျှ ကိစ္စအဝဝတို့၌ ပရဟိတအမှုကိုသာ ပြုကျင့်တော်မူခဲ့ပေသည်၊ လောကကြီးပွားရေးသာမက သဒ္ဓါ သီလ သုတ စသော သူတော်ကောင်းဥစ္စာတို့၏ တိုးပွားရေးကိုလည်း မြော်တွေး၍ ဟောပြောပြသ ဆုံးမတော်မူခဲ့ပေသည်။

★ ညီညာလုံးဝန်းသော လည်တိုင်တော် ရှိခြင်း။
ရွှေပျဉ်ချပ်ပမာ ခါးတော်မှစ၍ အထက်လည်ကုပ်တော်တိုင်အောင် ရေစီးကြောင်းအကြား မထင်၊ လက်ပြင်တော် ၂-ဖက်၏ အကြား၌ အသားတော်ပြည့်ခြင်း။
ခြင်္သေ့မင်း၏ရှေ့ထက်ဝက်ကိုယ်ကဲ့သို့ အထက်ပိုင်း အောက်ပိုင်း၂-ပိုင်းလုံး၌ ပြည့်ဖြိုးသောကိုယ်တော် ရှိခြင်း။

★ ရွှေငွေစသော ရတနာတို့မှ မဆုတ်ယုတ်ခြင်း၊ တရားမင်းဖြစ်သောအခါ သဒ္ဓါစသောဥစ္စာတို့မှ ယုတ်လျော့၍မသွားခြင်း။

**ဤ ၃-ချက်တို့ကို စဉ်းစားဆင်ခြင်ကာ -**
(၁) + (၂) . . . မိမိတို့လည်း လူအများ၏ အကျိုးစီးပွားကို လိုလိုလားလား ဆောင်ရွက်ကြပါလေ။

---

**၂၀။ ရသဂ္ဂသဂ္ဂိတာ = အမြတ်ဆုံးဖြစ်သော စုနစ်ဆောင်သော အကြောတော် ရှိခြင်း**

★ လက်ဖြင့်လည်းကောင်း, လက်နက်ဖြင့်လည်းကောင်း, သတ္တဝါတို့ကို မညှဉ်းဆဲမိ မနှိပ်စက်မိအောင် ရှောင်ကြဉ်တော်မူ၏၊ (ညှဉ်းဆဲနှိပ်စက်မိလျှင် ညှဉ်းဆဲခံရသူ၏အကြောတို့သည် ပျက်စီးကုန်၏၊ အကြောတွေပျက်စီးလျှင် စားအပ်သမျှ အစာတို့၏အရသာကို ကောင်းစွာမခံယူနိုင်။)

★ စားအပ်သမျှ အစာ၏အရသာကို ကောင်းစွာဆောင်ယူနိုင်သော အကြောပေါင်း ၇၀၀၀-ထောင်သည် အထက်သို့ အဖျားလှည့်၍ လည်ပင်းမှာ စွပ်ထားသကဲ့သို့ တည်ကုန်၏၊ ထိုအကြောပေါင်း ၇၀၀၀-ကြောင့် နှမ်းတစ်စေ့မျှ လောက်သော အာဟာရကို လျှာဖျား၌ တင်၍ ဝါးလိုက်လျှင် အရသာ၏ အဆီဩဇာသည် တစ်ကိုယ်လုံးနှံ့အောင် ပြန့်နိုင်ပါသတဲ့၊ ဝမ်းမီးကလည်း မနှံ့-မထက်လွန်း အလယ်အလတ်ဖြစ်၍ အစာအာဟာရမှန်သမျှ ကျေကျက်အောင် ချေချက်ပေးနိုင်။ (ထို့ကြောင့် ဒုက္ကရစရိယာ ကျင့်တော်မူသောအခါ၌ ဆီးသီးတစ်လုံး, ပဲပြုတ်ရေတစ်ခွက် စသော အာဟာရဖြင့် မျှတတော်မူနိုင်ပါသည်။)

★ အနာရောဂါကင်း၍ ကျန်းမာခြင်း။

**ဤ ၃-ချက်တို့ကို စဉ်းစားဆင်ခြင်ကာ -**
(၁) + (၂) . . . မိမိတို့လည်း သတ္တဝါတို့ကို မညှဉ်းဆဲမိအောင် သတိထားကြပါလေ။

---

**၂၁။ အဘိနီလနေတ္တတာ = ရွှမ်းရွှမ်းစိုမျှ ညိုသော မျက်လုံးတော် ရှိခြင်း**
**၂၂။ ဂေါပခုမတာ = မျက်မွေးစီရရီ အလွန်ကြည်လင်သော မျက်လုံးတော် ရှိခြင်း**

★ သတ္တဝါတို့ကို ကြည့်သောအခါ မေတ္တာအပြည့် ချစ်ဖွယ်သောမျက်စိဖြင့် ကြည့်လေ့ရှိတော်မူခဲ့၏၊ (ဒေါသဖြင့် မကြည့်၊ မျက်စောင်း မထိုးခဲ့၊ မိမိကို ဒေါသဖြင့် ကြည့်ခဲ့လျှင်လည်း မျက်နှာလွှဲ၍ ချစ်မြတ်နိုးစွာ ပြန်ကြည့်ခဲ့။)

★ မွေးစအရွယ်နွားနီငယ်၏ တင့်တယ်ကြည်အေးမျက်လုံးလေးကဲ့သို့ မျက်မွေးစီရရီ အလွန်ကြည်လင်သောမျက်လုံးတော် ရှိခြင်း။

★ ဖူးမြင်၍ မဝအောင် လှပတင့်တယ် သပ္ပါယ်တော်မူခြင်း။

**ဤ ၃-ချက်တို့ကို စဉ်းစားဆင်ခြင်ကာ -**

www.dhammadownload.com



(၁) + (၂) . . . မိမိတို့လည်း ချစ်ဖွယ်သောမျက်လုံးဖြင့် သူတစ်ပါးကို ကြည့်မိအောင် မေတ္တာဘာဝနာအလုပ်ကို အားထုတ်ကြပါလေ။

---

**၂၃။ ဥဏှီသသီသတာ = နဖူးတော်အပြင်ဝယ် သင်းကျစ်ပြား ဖွဲ့ပတ်ထားသကဲ့သို့ လွန်စွာတင့်တယ်သော လုံးသောဦးခေါင်းတော် ရှိခြင်း**

★ ကုသိုလ်ကောင်းမှု ပြုသောအခါ ခေါင်းဆောင်၍ ပြုလေ့ရှိ၏၊ ကောင်းသောအလုပ်ဝယ် ရှေ့သွားခေါင်းဆောင် ဖြစ်သောကြောင့်လည်း ပရိသတ်အပေါင်းဝယ် ဦးခေါင်းတမော်မော်နှင့် ပျော်ပျော်ကြီး လှည့်လည်နိုင်ခဲ့၏။

★ ဦးခေါင်းတော်၏ လှပတင့်တယ်ဖို့ရာ နဖူးတော်အပြင်ဝယ် သင်းကျစ်ပြားဖွဲ့ပတ်ထားသကဲ့သို့ လွန်စွာတင့်တယ်တော်မူ၏။

★ လူနတ်ပြဟ္မာသတ္တဝါတို့က နောက်တော်ပါးက ခစားမကွာ လိုက်ပါရခြင်း။

**ဤ ၃-ချက်တို့ကို စဉ်းစားဆင်ခြင်ကာ -**

(၁) + (၂) . . . မိမိတို့လည်း ကုသိုလ်ကောင်းမှု ပြုသောအခါ ခေါင်းဆောင်နိုင်လျှင် ခေါင်းဆောင်၍ ခေါင်းမဆောင်နိုင်လျှင် မခိုမကပ်ဘဲ တက်တက်ကြွကြွ ကြိုးစားကြပါလေ။

---

**၂၄။ ဧကေကလောမတာ = မွေးတွင်းတစ်တွင်းလျှင် တစ်ပင်တစ်ပင်စီသော အမွေးတော် ရှိခြင်း**

**၂၅။ ဥဏ္ဏာလောမတာ = ထူးခြားပေါ်လွင် အလွန်ဖြူစင်သော မွေးရှင်တော် ရှိခြင်း**

★ မုသာဝါဒမှ ရှောင်ကြဉ်၍ မှန်ကန်သော သစ္စာစကားကိုသာ ပြောဆိုတော်မူခဲ့သည် ဟိုတစ်မျိုး ဒီတစ်မျိုး၂-မျိုး ပြောလေ့ မရှိ။

★ မွေးညှင်းတော်တို့သည် မွေးညှင်းတစ်တွင်းလျှင် တစ်ပင်စီသာ ပေါက်ခြင်း၊ မျက်မှောင်(မျက်ခုံး)တော်နှစ်ဖက် အလယ် ချက်၌ ဥဏ္ဏာလုံမွေးရှင်တော် ရရှိခြင်း။

★ နောက်တော်ပါးက ခစားမကွာ လိုက်ပါသူဟူသမျှတို့က ဘုရားအလိုတော်ကျအောင် နေကြကျင့်ကြခြင်း။

**ဤ ၃-ချက်တို့ကို စဉ်းစားဆင်ခြင်ကာ -**

(၁) + (၂) . . . မိမိတို့လည်း မုသာဝါဒမှ ရှောင်ကြဉ်၍ စကားနှစ်ခွ မပြောကြဘဲ မှန်ကန်သော သစ္စာစကားကိုသာ ပြောမိအောင် သတိပြုကြပါလေ။

---

**၂၆။ စတ္တာလီသဒန္တတာ = သွားတော်-၄၀ တိတိ ပြည့်ပြည့်စုံစုံ ရှိခြင်း**

**၂၇။ အဝိရဠဒန္တတာ = သွားအကြားတိုင်း၌ မကြဲသော လက္ခဏာတော် ရှိခြင်း**

★ ချစ်သူ၂-ယောက် ကွဲအောင်လည်းကောင်း, ကွဲပြီးနောက် မိမိကို ချစ်အောင်လည်းကောင်း ကုန်းတိုက်ခြင်းဟူသော ပိသုဏဝါစာမှ ရှောင်တော်မူ၍ သူတစ်ပါးတို့ ညီညီမျှမျှချစ်ခင်နေသည်ကို မြင်လျှင် ဝမ်းမြောက်၏၊ ချစ်ခင်သူများကို ကွဲမသွားစေသည့်ပြင် စည်းလုံးညီညွတ်ခြင်း၏အကျိုးကိုသာ ဟောပြောလေ့ရှိ၏။

★ သွားတော် ၄၀-တိတိ ပြည့်ပြည့်စုံစုံ ရှိခြင်း၊ သွားအကြားတိုင်း၌ မကြဲခြင်း။

★ အခြွေအရံပရိသတ်တို့ မကွဲမပြားဘဲ စည်းစည်းလုံးလုံး ရှိခြင်း။

**ဤ ၃-ချက်တို့ကို စဉ်းစားဆင်ခြင်ကာ -**

(၁) + (၂) . . . မိမိတို့လည်း ကုန်းတိုက်ခြင်း ပိသုဏဝါစာမှ ရှောင်ကြဉ်မိအောင် သတိပြုကြပါလေ။

---

www.dhammadownload.com



**၂၈။ ပဟူတဇိဝှတာ = နူးနူးညံ့ညံ့ ပြန့်ပြန့်ကျယ်ကျယ် လျှာတော် ရှိခြင်း**
**၂၉။ ဗြဟ္မဿရတာ = ဗြဟ္မာမင်း၏အသံအလား သာယာသော အသံတော် ရှိခြင်း**

★ သူတစ်ပါးတို့စိတ်ကို ထိခိုက်အောင် ဆဲဆိုငေါက်ငန်း ကြမ်းတမ်းစွာ ပြောခြင်းဟူသော ဖရုသဝါစာမှ ရှောင်တော်မူ၍ ကြားရသူတို့ ချမ်းသာဖွယ်ရာ နူးညံ့သောစကားကိုသာ ပြောလေ့ ရှိ၏။

★ (ဖရုသဝါစာမှ မရှောင်ဘဲ ဆဲဆိုခဲ့သူ၏လျှာသည် တစ်စုံတစ်ခုဖြင့် ဖွဲ့ထားသကဲ့သို့ လေးတွဲတွဲ ဖြစ်နေ၏၊ အချို့လျှာကား တိုနေသကဲ့သို့, အချို့ကား စကားပြောရာ၌ လျှာဒရွတ်ဆွဲသကဲ့သို့ မန်းစွဲသကဲ့သို့ ဖြစ်၏၊)
ရှည်လျား နူးညံ့ ပြန့်ကျယ်သော လျှာတော် ရှိခြင်း၊ ဗြဟ္မာမင်း၏အသံကဲ့သို့ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အသံတော် ရှိခြင်း။ ( သန့်ရှင်း၊ သိလွယ်၊ သာယာ၊ နာချင်ဖွယ်ရာ၊ လုံလဲ၊ ဖရိုဖရဲ မရှိ၊ နက်နဲ၊ ပဲ့တင်ထပ်။)

★ ဟောပြောသမျှ စကားတော်တိုင်း အောင်မြင်၊ သတ္တဝါတို့ ယုံကြည်လိုက်နာ ဩဇာပြန့်လှိုင်၍ အာဏာထူး ပိုင်ခြင်း။

**ဤ ၃-ချက်တို့ကို စဉ်းစားဆင်ခြင်ကာ -**
(၁) + (၂) . . . မိမိတို့လည်း ဖရုသဝါစာမှ ရှောင်ကြဉ်မိအောင် သတိပြုကြပါလေ။

---

**၃၀။ သီဟဟနုတာ = ပြည့်သောမေးတော် ရှိခြင်း**

★ အကျိုးလည်း မရှိ, မှန်လည်း မမှန်, ပျော်ရရုံ ရယ်မောရရုံသာ ဖြစ်သောစကားကို ပြောခြင်းဟူသော သမ္ဖပ္ပလာပမှ ရှောင်တော်မူခြင်း၊ ကျိုးရှိ ဟုတ်မှန်၍ ကြားသူတိုင်း မှတ်သားနာယူသင့်သော တရားနှင့်စပ်သော အနက်အဓိပ္ပါယ် ရှိသည့် စကားမျိုးသာ ပြောကြားခဲ့ခြင်း။

★ (သမ္ဖပ္ပလာပမှ မရှောင်ဘဲ မေးလေးလျှပ်ကာလျှပ်ကာ အပျက်အချော်ပြောခဲ့သူ၏မေးသည် အတွင်းသို့ ပု၍သော်လည်းကောင်း, ကောက်၍သော်လည်းကောင်း, ချိုင့်၍သော်လည်းကောင်း နေတတ်၏။)
ခြင်္သေ့မင်း၏မေးနှင့်တူစွာ ပြိုးရိပ်သန်းနေသည့် ပြည့်သောမေးတော် ရှိခြင်း။
(ခြင်္သေ့မင်း၏မေးသည် အောက်ဘက်၌သာ ပြည့်၏၊ ဘုရားရှင်၏မေးတော်ကား အောက်ဘက် အထက်ဘက်၌ ပြည့်နေသောကြောင့် သာ၍ တင့်တယ်တော်မူပါသည်။)

★ ရအပ်ပြီးသော ဂုဏ်, ဌာနန္တရရာထူးကို မည်သည့်ရန်သူမျှ မဖျက်ဆီးနိုင်ခြင်း။

**ဤ ၃-ချက်တို့ကို စဉ်းစားဆင်ခြင်ကာ -**
(၁) + (၂) . . . မိမိတို့လည်း အကျိုးလည်း မရှိ, အပျက်အချော် အပြောင်အလှောင်စကားကို ရှောင်ကြဉ်မိအောင် သတိပြုကြပါလေ။ (အတွင်း၌ အနှစ်အဆန် မပါသောစပါးခွံကို ဖွဲ, အနုပ်အဖွဲ, အဖျင်းဟု ခေါ်၏၊ ထို့အတူ ပြောအပ်သောစကားကိုလည်း အကျိုးလည်း မရှိ, အပျက်အချော် အပြောင်အလှောင်စကား ပိန်ဖျင်းသောစကားဟု ခေါ်၏၊ ဝစီဒုစရိုက်တစ်မျိုးပင်။)

---

**၃၁။ သမဒန္တတာ = ညီညာသော သွားတော် ရှိခြင်း**
**၃၂။ သုသုက္ကဒါဌတာ = အလွန်ဖြူစင်သော စွယ်တော် ရှိခြင်း**

★ မိစ္ဆာဇီဝမှ ရှောင်တော်မူ၍ တရားသဖြင့် ကိုယ့်တွက် သူ့တွက် မျှတအောင် အသက်မွေးခဲ့၏။

★ သွားတော် စွယ်တော်တို့သည် နီမြန်းသော သွားဖုံးတော်ဝယ် ဖွေးဖွေးညီညီ စီရရှိတော်မူခြင်း။

★ သန့်ရှင်းစင်ကြယ်သော ပရိသတ်ရှိတော်မူခြင်း။

**ဤ ၃-ချက်တို့ကို စဉ်းစားဆင်ခြင်ကာ -**
(၁) + (၂) . . . မိမိတို့လည်း မိစ္ဆာဇီဝမှ ရှောင်ကာ တရားသဖြင့် အသက်မွေးခြင်းဖြင့်သာ အသက်မွေးကြပါလေ။

**(တောင်ဖြို့မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ ရတနာ့ဂုဏ်ရည်မှ ထုတ်နုတ် ပူဇော်အပ်ပါသည်။)**

www.dhammadownload.com



| အကြောင်း - ကမ္မ | အကျိုး - လက္ခဏာနှင့် လက္ခဏာနိသံသ |
|---|---|
| ၁။ ကုသိုလ်ကောင်းမှုနှင့် ကျင့်ဝတ်တရားတို့ကို ဝတ်မပြတ် ပုံမှန် လုပ်ဆောင်ခဲ့သောကြောင့် | (၁) ခြေဖဝါးတော်ညီညာပြီး၊ **ရန်သူတွေက မပိတ်ပင်မတားဆီးနိုင်ခြင်း။** |
| ၂။ လူအများကို ဘေးကင်းအောင် တရားနှင့်အညီ စောင့်ရှောက်ခြင်း၊ လှူရာမှာ စုံစုံလင်လင်အခြံအရံနှင့် လှူခဲ့ခြင်းတို့ကြောင့် | (၂) ခြေဖဝါးပြင်မှာ စက်လက္ခဏာတော်များ ပေါ်ပြီး၊ **အခြံအရံများခြင်း။** |
| ၃။ ပါဏာတိပါတမှ ရှောင်ကြဉ်ပြီး၊ သတ္တဝါများကို သနားကာ အစီးအပွား လိုလားစောင့်ရှောက်ခဲ့သောကြောင့် | (၃) ရှည်သော ဖနောင့်တော် (၄)ရှည်သွယ် လက်ချောင်း ခြေချောင်းတော် (၅) ဖြောင့်မတ်သော ကိုယ်ရှိပြီး၊ **သူတစ်ပါးတို့က မသတ်ဖြတ်နိုင်ဘဲ အသက်ရှည်ခြင်း။** |
| ၄။ အဆီသြဇာ ပြည့်စုံသောအာဟာရတို့ကို လှူခဲ့သောကြောင့် | (၆) ၇-ဌာနဌ အသားတော် ပြည့်ဖြိုးပြီး၊ **အဆီသြဇာပြည့်သော အာဟာရ ရခြင်း။** |
| ၅။ လူအများကို သင်္ဂဟ ၄-ပါးနှင့် ချီးမြှောက်ခဲ့သောကြောင့် | (၇) နူးညံ့သောလက်ခြေတော်<br>(၈) ညီစွာတည်သော လက်ချောင်းခြေချောင်းတော် ရှိပြီး၊ **ညီညွတ်သော အခြံအရံ ရှိခြင်း။** |
| ၆။ အကျိုးရှိသောစကား၊ တရားစကားများကို ပြောခဲ့သောကြောင့်၊ တရားအလှူကို လှူခဲ့သောကြောင့်၊ | (၉) အထက်သို့ မြင့်တက်သော ဖမျက်တော်<br>(၁၀) အထက်သို့ ကော့တက်နေသော မွေးညင်းတော် ရှိပြီး၊ **အသာဆုံး အမြတ်ဆုံး အချီးမွမ်းအပ်ဆုံးသူ ဖြစ်ခြင်း။** |
| ၇။ အတတ်ပညာတို့ကို လွယ်ကူလျင်မြန်စွာ တတ်မြောက်အောင် သေသေချာချာ သင်ကြားပေးခဲ့သောကြောင့်၊ | (၁၁) ပြေပြစ်သော ခြေသလုံးတော် ရှိပြီး **ပစ္စည်းပရိက္ခရာနှင့် ပရိသတ်လေးပါး လျင်မြန်စွာရရှိခြင်း။** |
| ၈။ ပညာရှိတို့ထံ ချဉ်းကပ်ပြီး သိလိုရာကို မေးမြန်းဆွေးနွေးခဲ့၍ | (၁၂) အသားအရေ ချောမွေ့ပြီး၊ **ပညာဉာဏ် ကြီးမားခြင်း (တူသူမရှိခြင်း)။** |
| ၉။ နူးညံ့သိမ်မွေ့သောအဝတ်လှူ၊ ဒေါသမထွက်၊ ထွက်ဒေါသကို လျင်မြန်စွာ ငြိမ်းစေ၊ အကြိတ်အခဲ မရှိ၊ ရန်ငြိုးမဖွဲ့ခဲ့သောကြောင့် | (၁၃) ရွှေအဆင်းရှိပြီး၊ **နူးညံ့သော အဝတ်ချြထည်တို့ကို ရခြင်း၊ ကောင်းမှုတို့လည်း မပျက်မစီးတည်ခြင်း။** |
| ၁၀။ ကွဲကွာနေသူတို့ကို ပေါင်းစုံစေ၊ ညီညွတ်စေခဲ့သောကြောင့် | (၁၄) အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ပုရိသနိမိတ် ရှိပြီး၊ **စကားလိုက်နာသော သားတပည့်သာဝကများစွာ ရရှိခြင်း။** |
| ၁၁။ ပုဂ္ဂိုလ်ကိုလိုက်၍ ဂုဏ်နှင့်လျော်စွာ ချီးမြှောက်ခဲ့သောကြောင့် | (၁၅) ပညောင်ပင်ကဲ့သို့ လုံးဝန်းသောကိုယ် ရှိပြီး၊<br>(၁၆) မကိုင်းမညွတ်(မကုန်းရဘဲ) လက်ဝါးပြင်ဖြင့် ပဆစ်ဒူးတို့ကို သုံးသပ်နိုင်ပြီး၊ **သဒ္ဓါ သီလစသော သူတော်ဥစ္စာတို့နှင့် ပြည့်စုံခြင်း၊ အမြတ်ဆုံးအရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ဟူသော ဥစ္စာတို့ကို ရရှိခြင်း။** |
| ၁၂။ လူအများ၏ အကျိုးစီးပွားကို လိုလားခဲ့သောကြောင့် | (၁၇) ညီညာ လုံးဝန်းသော လည်တိုင်၊<br>(၁၈) လက်ပြင်နှစ်ခုကြား ပြည့်ဖြိုးသောအသား၊<br>(၁၉) ခြင်္သေ့မင်း၏ရှေ့ပိုင်းကိုယ်နှင့် တူသောကိုယ် ရှိပြီး၊ **သဒ္ဓါ သီလစသော သူတော်ဥစ္စာ၊ သဗ္ဗညုတဉာဏ်ဟူသော ဥစ္စာတို့မှ မဆုတ်ယုတ်ခြင်း** |
| ၁၃။ သတ္တဝါများကို မညှဉ်းဆဲခဲ့သောကြောင့် | (၂၀) အရသာကို ဆောင်နိုင်သော အကြောရှိပြီး၊ **အနာရောဂါကင်းခြင်း၊ ဝမ်းမီးနှင့် ပြည့်စုံခြင်း။** |
| ၁၄။ ဒေါသဖြင့် မကြည့်၊ မျက်စောင်း မထိုးခဲ့သောကြောင့် | (၂၁) အလွန်ညိုသောမျက်လုံး၊<br>(၂၂) နွားငယ်မျက်တောင်နှင့် တူသော မျက်တောင် ရှိပြီး၊ **သတ္တဝါတို့၏ နှစ်သက်ကြည်ညို ဖူးမြော်ခြင်းကို ခံရခြင်း။** |
| ၁၅။ ကုသိုလ်ကောင်းမှုတို့ကို ခေါင်းဆောင်ပြီး ပြုခဲ့သောကြောင့် | (၂၃) သင်းကျစ်ဆင်ထားသကဲ့သို့သော ဦးခေါင်းတော် ရှိပြီး၊ **သတ္တဝါတိုထို နောက်တော်ပါးက ခစားမကွာ လိုက်ကြခြင်း။** |
| ၁၆။ မှန်သောစကားတစ်မျိုးတည်းသာ ပြောခဲ့၍၊ မလှည့်စားခဲ့၍ | (၂၄) မွေးညင်းတစ်တွင်းမှာ မွေးညင်းတစ်ပင်သာ၊<br>(၂၅) မျက်မှောင်နှစ်ခုကြား ဖြူစင်သော ဥဏ္ဏလုံ မွေးရှင်တော် ရှိပြီး၊ **သတ္တဝါအများ ဗုဒ္ဓအလိုသို့သာ လိုက်ပါကြခြင်း။** |
| ၁၇။ ဂုံးမတိုက်၊ ညီညွတ်ခြင်းကို အားပေးခဲ့သောကြောင့် | (၂၆) ၄၀-သောသွား (၂၇) မကြဲသောသွား ရှိပြီး၊ **မဖြိုခွဲနိုင်သော၊ အဆုံးအမကို ခိုင်မြဲစွာ လိုက်နာသော ပရိသတ် ရှိခြင်း။** |
| ၁၈။ ရုန့်ရင်းကြမ်းတမ်းသော စကား မပြော၊ နူးညံ့ချိုသာ နားဝင်ချိုအောင် ပြောခဲ့သောကြောင့် | (၂၈) ကြီးမားရှည်လျား နူးညံ့သော လျှာတော်၊<br>(၂၉) ဗြဟ္မာ့အသံနှင့် တူသော အသံရှိပြီး၊ **စကားသည် အောင်မြင်ခြင်း၊ စကားကို နာယူလက်ခံကြခြင်း။** |
| ၁၉။ အကျိုးမရှိ ပိန်ဖျင်းသောစကားကို မပြော၊ အကျိုးရှိသော စကားကိုသာ ပြောခဲ့သောကြောင့် | (၃၀) ခြင်္သေ့မေးနှင့် တူသောမေး ရှိပြီး၊ **အတွင်းအပရန်သူများ မဖျက်ဆီးနိုင်ခြင်း။** |
| ၂၀။ အသက်မွေးမှု စင်ကြယ်ခဲ့သောကြောင့် | (၃၁) ညီညွတ်သောသွား (၃၂) အလွန်ဖြူစင်သော စွယ်တော်ရှိပြီး၊ **မကောင်းမှုကိလေသာ ကင်း၊ စင်ကြယ်သောအခြံအရံ ရှိခြင်း။** |

www.dhammadownload.com



# လက္ခဏာတော်ကြီးသုံးဆယ့်နှစ်ပါး ဘုရားရှိခိုး

ဗုဒ္ဓါနုဿတိဘာဝနာပွားများသော သူတော်စင်များသည် ဘုရားရှင်၏အနန္တဂုဏ်တော်တို့အနက် မိမိ၏သဒ္ဓါတရားကို အထူးအားဖြင့် တိုးပွားစေသောဂုဏ်တော်ကို အာရုံပြု၍ ပွားများမိလျှင် ပို၍အကျိုးရှိလိမ့်မည်ဟု ထင်မြင်မိပါသည်၊ "လက္ခဏာတော်ကြီး ဘုရားရှိခိုး"သည် ဘုရားရှင်၏ ဘဂဝါဂုဏ်တော်၌ ပါဝင်သော လွန်စွာသပ္ပါယ်သောကျက်သရေ"သိရီဘုန်းတော်"ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာပွားများခြင်း ဖြစ်ပါသည်။

## ၁။ ဖဝါးတော်ညီညာကြောင်း

**ဘဝထိုထို၊ ရှေးအဟိုဝယ်၊ ကုသိုလ်ပွါးလူး၊ တရားထူး၌၊ စူးစိုက်မြဲလျက်၊ ဆောက်တည်ချက်ကို၊ တားဖျက်မနိုင်၊ ကြံ့ခိုင်ခဲ့ခြင်း၊ ကောင်းမှုရင်းကြောင့်၊** ရွှေခြေနင်းဟန်၊ နင်းပြန်အတူ၊ ကွဲမှုမခြား၊ ဖဝါးတော်ညီညာ၊ လက္ခဏာတော်၊ အာနုဘော်ဖြင့်၊ ကျူးကျော်ဝံ့စား၊ လှုပ်ချောက်ချားအောင်၊ စွမ်းအားရှိမူ၊ ဘယ်ရန်သူမျှ၊ မပြူဝံ့ပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

## ၂။ ဖဝါးတော်ဝယ် တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ ပါရှိကြောင်း

**သူ့ချမ်းသာဆောင်၊ မကြောက်အောင် ရှုယ်၊ စောင့်ရှောက်ကယ်၍၊ ဖွယ်ရာခြံရံ၊ လှူဒါန်းကြောင့်၊** ဝန်းရံပတ်လျက်၊ ရာ့ရှစ်ကွက်ဖြင့်၊ မြချက်ပုံတောင်း၊ အကွပ်ဆောင်း၍၊ ထောင်ပေါင်းအကန့်၊ ရှင်းသန့်ပြတ်သား၊ ခြေတော်ဖဝါး၌၊ ကြီးမားတေဇော်၊ စက်တော်ရတနာ၊ လက္ခဏာဖြင့်၊ မက္ကာခစား၊ ထံတော်ပါးဝယ်၊ များသောအခြံအရံ ရှိတော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

## ၃။ ၄။ ၅။ ဖနောင့်တော် လက်ချောင်း ခြေချောင်းဖော် သွယ်ရှည်၍ ဖြောင့်မတ်သော ကိုယ်တော် ရှိကြောင်း

**ခြ ပုန်း ပိုး ရွှ စသည်မကြွင်း၊ သတ်ဖြတ်ခြင်းကို၊ အလျှင်းမပြု၊ ဤကောင်းမှုကြောင့်၊** ဖနောင့်လက်ချောင်း၊ ခြေချောင်း သွယ်ရှည်၊ ဖြောင့်သည်ကိုယ်မှာ၊ လက္ခဏာဖြင့်၊ မေတ္တာမပွါး၊ တဖက်သားတို့၊ တုတ်ဓါးဆောင်ယူ၊ သတ်လိုမူလည်း၊ ဘယ်သူမစွမ်း၊ ဘေးဘျမ်းမရှိ၊ ပကတိအသက်၊ ရှည်တော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

## ၆။ ခုနစ်ဌာန အသားတော်ပြည့်ဖြိုးကြောင်း

**ချိုမြိန်ကောင်းမြတ်၊ ရသာဓာတ်ကို၊ ဆက်ကပ်ပူဇော်၊ လှူဖူးသော်ကြောင့်၊** ခြေတော်ဖမိုး၊ လက်ဖမိုးတော်၊ ပခုံးတော်နှင့်၊ ကုပ်(ဂုတ်)တော် ခုနစ်ချက်၊ စုံ့လျက်ဖြိုးဖြိုး၊ ညှပ်ရိုးပခုံး၊ လက်ရုံးရင်တော်၊ ခုနစ်ဖော်လည်း၊ ရှုမြော်မညှိုး၊ ဆူဖြိုးတင့်စွာ၊ လက္ခဏာဖြင့်၊ အရသာဓာတ်၊ ထူးအမြတ်ကို၊ မပြတ် သုံးဆောင်တော်မူရပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

## ၇။ ၈။ လက်ခြေနူးညံ့၍ ရွှေဇာကွန်ရက် ခက်သကဲ့သို့ ရှိတော်မူကြောင်း

**ချစ်ဖွယ်စကား၊ ပေးကမ်းငြား၍၊ စီးပွါးဆောင်လင့်၊ ကိုယ်တူကျင့်ဟု၊ လေးဆင့်သင်္ဂြိုဟ်၊ သူ့ကိုယ်ထောက်ထား၊ ကောင်းမှုအားကြောင့်၊** လက်ဖဝါးနှင့်၊ ခြေဖဝါးပါ၊ နူးညံ့စွာ၏၊ ရှစ်ဖြာလက်ချောင်း၊ ဆယ်ချောင်းခြေတော်၊ ညီမျှသော်ကြောင့်၊ မုယော်တွင်လစ်၊ အတွင်းဆစ်၌၊ ရေးရစ်ဖြောင့်လေ့၊ စပါးစေ့များ၊ ပွတ်တံခါးသို့၊ ဖြောင့်သားညီညာ၊ လက္ခဏာဖြင့်၊ ကောင်းစွာ သိမ်းဆည်း၊ လုံးစည်းပေါင်းစု၊ လက်တွင်းပြုအပ်၊ ပရိသတ်သာ၊ ရှိတော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

## ၉။ ၁၀။ ဖမျက်တော် မြင့်၍ မွေးညင်းတော် ပျံ့ကြောင်း

**ကြောင်းကျိုးဖော်ပြ၊ မြတ်ဓမ္မကို၊ မိန့်ဟဟောကျူး၊ ပြုခဲ့ဖူး၍၊** မြင့်စူး ဖမျက်၊ ရွှေမျက်ခွက်ကို၊ မော့လျက်ဖူးဟန်၊ မွေးညင်း ပျံ့သည့်၊ နှစ်တန်ခြင်းရာ၊ လက္ခဏာဖြင့်၊ သတ္တဝါအလုံး၊ လူတဖြုံးကို၊ လွှမ်းဖုံးပိုမောက်၊ အခေါင်ရောက်သဖြင့်၊ ပါမောက်တဆူ ဖြစ်တော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

## ၁၁။ ဇေါ်မည်သောသားကောင် (တစ်နည်း-စပါးဖုံး)ကဲ့သို့ လုံးဝန်းတင့်တယ်သော သလုံးတော် ရှိကြောင်း

**နှုတ်မှုပညာ၊ လက်ပညာကို၊ ကောင်းစွာပို့ချ၊ သင်ခဲ့ပြ၍၊** တောဝမြိုင်ဖျား၊ ဇေါ်သားသို့၊ စပါးဖုံးဟန်၊ လုံးလျားတင့်တယ်၊ သလုံးတော်ချယ်သဖြင့်၊ သုံးဖွယ်သုံးရာ၊ အဖြာဖြာကို၊ မြန်စွာခဏ၊ ရတော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

www.dhammadownload.com



## ၁၂။ သိမ်မွေ့သောအရေတော် ရှိကြောင်း

**ရဟန်းပုဏ္ဏား၊ သူမြတ်များသို့၊ ခစားဆည်းကပ်၊ သို့ပြုအပ်မည်၊ မအပ်မည်ကို၊ စိတ်ကြည်ညွတ်နူး၊ မေးခဲ့ဖူး၍၊** နူးညံ့အရေ ပိန်းကြာရွှေတွင်၊ ရေမတင်သို့၊ မြူလျှင်ကင်းဝေး၊ ညစ်ကြေးမလိမ်း၊ ခပ်သိမ်းသတ္တဝါ၊ လောကဓာဝယ်၊ ပညာသာသူ၊ တူသူကင်းပြီး၊ ပညာရှိကြီးတစ်ဆူသာ ဖြစ်တော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

## ၁၃။ ရွှေရောင်မယွင်း ဝါဝင်းသောအဆင်း ရှိကြောင်း

**ချီးဖွဲ့နှိပ်စက်၊ ဆိုတုံလျက်လည်း၊ အမျက်မလို၊ စိတ်မတိုခဲ့၊ ကြည်ညိုချမ်းမြေ့၊ ချောမွေ့နူးမွတ်၊ အဝတ်အရုံ၊ အခြုံအခင်း၊ လှူခဲ့ခြင်းကြောင့်၊** အဆင်းအရေ ဇမ္ဗူရွှေသို့၊ လျှံဝေဝင်းဝါ၊ လက္ခဏာဖြင့်၊ ဖဲဝါကတ္တီ၊ သိုးမွေးထည်နှင့်၊ ပိုးထည်နုပျောင်း၊ ထည်လိပ် ကောင်းကို၊ လူပေါင်းပြဟ္မာ၊ နတ်ဒေဝါတို့၊ များစွာကပ်လှူ မပြတ်ရတော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

## ၁၄။ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သည့် ယောကျ်ားနိမိတ် ရှိတော်မူကြောင်း

**မိသားအဖ၊ မောင်နှမဟု၊ သဟာယချင်း၊ ကွေကွင်းခဲ့ရာ၊ တွေ့အောင်ရှာ၍၊ ကောင်းစွာထက်ကြပ်၊ ပေါင်းစပ်ခဲ့ဖူး၊ ကောင်းမှုထူးကြောင့်၊** ဆင်မျုးဆဒ္ဒန်၊ ပုံသဏ္ဍာန်သို့၊ နေဟန်တင့်ဆုံး၊ အိမ်ဖုံးစေ့စပ်၊ သပ်ယပ်ထင်ရှား၊ ယောကျ်ားနိမိတ်၊ တံဆိပ်ပြီစွာ၊ လက္ခဏာဖြင့်၊ များစွာစုပေါင်း၊ ထောင်သောင်းမက၊ သားကောင်းရတော်မူထိုက်ပါသော မြတ်စွာဘုရား မြတ်စွားဘုရား။

## ၁၅။ ၁၆။ အလံအရပ် ညီမျှ၍ ရပ်တော်မူလျက် မညွတ်ဘဲ ဒူးဝန်းကို သုံးသပ်တော်မူနိုင်ကြောင်း

**ပုဂ္ဂိုလ်ယုတ်မြတ်၊ ရွေးချယ်လတ်၍၊ လျောက်ပတ်သင့်လျော်၊ ပူဇော်ခဲ့ဟန်၊ ကောင်းမှုကံကြောင့်၊** အလံအရပ်၊ ညီလတ်ရွှန်းရွှန်း၊ ပညောင်ဝန်းသို့၊ ဝန်းသောကိုယ်တော်၊ ရပ်သော်စူးစူး၊ မညွတ်ဦးဘဲ၊ ရွှေဒူးဝန်းပေါ်၊ လက်ဝါးတော်ဖြင့်၊ သုံးသော်မှီလောက်၊ ကိုယ်ထက်အောက်လည်း၊ အပေါက်အဆက်၊ ညီလျက်အမျှ၊ ကုန်းကွမတည့်၊ ပုဏ္ဏကာယာ၊ လက္ခဏာဖြင့်၊ သဒ္ဓါ၊ သီလ၊ သုတ စာဂ၊ ပညာ ဟိရီ၊ ဩတ္တပ္ပဟု၊ ခုနစ်လီဥစ္စာ၊ ရတနာသာရ၊ မြတ်နေဖြင့်၊ ကြွယ်ဝချမ်းသာတော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

## ၁၇။ ၁၈။ ၁၉။ လည်တိုင်ဖြိုး၍ ရေစီးကြောင်းမထင် ကျောပြင်ရှိခြင်းနှင့် ကိုယ်တော်ပြည့်ဖြိုးတော်မူကြောင်း

**သူတစ်ပါးကို၊ ကောင်းစေလို၍၊ ကုသိုလ်ပညာ၊ ဥစ္စာနေ၊ သဟာယများ၊ ဘယ်သို့ပွါးအံ့၊ သူ့အားတောင့်တ၊ ကြောင့်ကြခဲ့ဟန်၊ ကောင်းမှုကံကြောင့်၊** မြိုင်ယံပျော်မွေ့၊ ရွှေခြင်္သေ့၏၊ ရှေ့ထက်ဝက်ကို၊ ပမာလိုလျှင်၊ ကိုယ်တော်အောင်မောင်း၊ ရေစီးကြောင်း မထင်၊ ရွှေကျောပြင်နှင့်၊ စည်သွင်မုရိုး၊ ပြည့်ဖြိုးလုံးခြင်း၊ လည်ပင်းသပ္ပါယ်၊ ဤသုံးသွယ်ဖြင့်၊ ဤဝယ်လောကီ၊ ဤသည်လောကုတ်၊ ဂုဏ်ပေါင်းထုတ်သော်၊ ယုတ်လျော့ခြင်းရာ၊ မထင်ပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

## ၂၀။ အရသာကြော ၇၀၀၀-တို့ အဖျားထောင်၍ လည်၌စွပ်လျက် ရှိကြောင်း

**သတ္တဝါခပင်း၊ မညှဉ်းဆဲရှောင်၊ ကုသိုလ်ဆောင်၍၊** ခုနစ်ထောင်သော၊ ရသာကြောများ၊ အဖျားချင်းအပ်၊ လည်မှာစွပ်၍၊ မီးဓာတ်ဂဟဏီ၊ ဇီရဏီလည်း၊ အညီချက်ချေ၊ အစာကြေသဖြင့်၊ ထွေထွေရောဂါ၊ ကင်းရှင်းကွာသည်၊ ကျန်းမာတော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

## ၂၁။ ၂၂။ မျက်လုံးတော် အလွန်ညို၍ မျက်တောင်မွေးတော် အလွန်နုကြောင်း

**မျက်စောင်းမထိုး၊ မကျိုးမျက်မှောင့်၊ ဖြောင့်ဖြောင့်ချစ်ကြည်၊ ကြည့်ခဲ့သည်ကြောင့်၊** ညိုကြည်မျက်လုံး၊ အံ့မဆုံးအောင်၊ ရွှေမျက်တော်မွေး၊ သွယ်သေးနုစွာ၊ လက္ခဏာဖြင့်၊ ပိယာသိဒ္ဓိ၊ နတ်ဆေးရှိသို့၊ တြိဘုံခန်း၊ ရဟန်းလူများ၊ သိကြားပြဟ္မာ၊ နတ်သူရဟု၊ သတ္တဝါထိုထို၊ ကြည်ညိုလေးမြတ်၊ ချစ်ခင်အပ်ပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

www.dhammadownload.com



### ၂၃။ သင်းကျစ်တော် အသားလွှာပါရှိကြောင်း

**ကုသိုလ်တရား၊ ဟူသည်များ၌၊ ရှေ့သွားအမှူး၊ ဦးစီးခေါင်းခံ၊ ဆော်စီမံဖူး၊ ကောင်းမှုထူးကြောင့်၊** နဖူးတော်ဝယ်၊ ရွှေပြားချယ်သို့၊ တင့်တယ်လှစ်လှစ်၊ အသားစစ်မှ၊ သင်းကျစ်တော်လွှာ၊ လက္ခဏာဖြင့်၊ သတ္တာဝါထိုထို၊ များလူဗိုလ်တို့၊ ကိုယ်တော်နောက်၌၊ စိုက်စိုက်မကွာ၊ လိုက်ရပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

### ၂၄။ ၂၅။ မွေးတွင်းတော် တစ်ခုတစ်ခု၌ မွေးညှင်းတော် တစ်ပင်စီနှင့် နဖူးတော်၌ ဥဏ္ဏာလုံမွေးရှင်တော် ပါရှိကြောင်း

**မလိမ်မထောင့်၊ သစ္စာစောင့်၍၊ ရိုးဖြောင့်မှန်စင်း၊ တရားရင်းကြောင့်၊** မွေးတွင်းတစ်ခု၊ မြွာမစုဘဲ၊ တစ်ခုစီတွင်၊ တစ်ပင်စီသာ၊ ရှင်းစွာသင့်လျော်၊ မွေးညှင်းတော်နှင့်၊ မျက်မှောက်တော်နှစ်ဖက်၊ အလယ်ချက်ဝယ်၊ လံဝက်လောက်မျှ၊ ဆွဲက ရှည်လာ၊ လွှတ်လိုက်ခါမူ၊ လက်ျာရစ်ခွေ၊ ဖြူရောင်ဝေသည့်၊ ရွှေနဖူးဝယ်၊ သောက်ရှူးကြယ်သို့၊ နုနယ်ဂွမ်းပုံ၊ ဥဏ္ဏာလုံဖြင့်၊ သုံးဘုံလူဗိုလ်၊ ကိုယ်တော်စိတ်ကြိုက်၊ အလိုလိုက်ခါ၊ ပါရပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

### ၂၆။ ၂၇။ သွားတော် ၄၀-စေ့၍ သိပ်သည်း စေ့စပ်ကြောင်း

**ဂုံးတိုက်စကား၊ ကြဉ်ရှောင်ရှား၍၊ ကွဲပြားမကပ်၊ ကြားစေ့စပ်သဖြင့်၊ စေ့စပ်ပြီးကို၊ မြဲအောင်ဆိုခဲ့၊ ထိုကုသိုလ်တော်၊ နှီးပင့်ဆော်၍၊** သွားတော်လေးဆယ်၊ ပြည့်ဖြိုးကြွယ်လျက်၊ သေးသွယ်စိပ်စိပ်၊ သိပ်သိပ်ထူထဲ၊ မကျဲသွားမှာ၊ လက္ခဏာဖြင့်၊ ညီညာမြဲစွဲ၊ သူပင်ခွဲလည်း၊ မကွဲပြိုနိုင်၊ ကြံ့ခိုင်စေ့စပ်၊ ပရိသတ်သာ၊ ရှိတော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

### ၂၈။ ၂၉။ ရှည်ပြန့်နူးညံ့သော လျှာတော်နှင့် အင်္ဂါရှစ်တန် ဗြဟ္မာကရဝိက်သံ ရှိတော်မူကြောင်း

**သူ့နားမချမ်း၊ ကြမ်းကြမ်းကြုတ်ကြုတ်၊ အယုတ်တမာ၊ မဆိုပါဘဲ၊ ချိုသာအေးကြည်၊ ဆိုခဲ့သည်ကြောင့်၊** လျှာရှည်ကြီးပြန့်၊ လျှာနူးညံ့လျက်၊ ရှင်းသန့်ချိုသာ၊ သိသာနာဖွယ်၊ ပွဲလယ်မထွက်၊ လုံးနက်ပဲ့တင်၊ အင်္ဂါရှစ်တန်၊ ဗြဟ္မာကရဝိက်၊ ကောင်းဟိတ်သံသာ၊ လက္ခဏာဖြင့်- ဆိုခါရင့်ကျူး၊ စကားစူး၍၊ အထူးလိုက်နာ၊ သြဇာပြန့်လှိုင်၊ အာဏာထူး ပိုင်တော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

### ၃၀။ လဆန်း ၁၂-ရက်လနှင့် ခြင်္သေ့မင်း၏ မေးတို့ကဲ့သို့ ဖြိုးသောမေးတော်ရှိကြောင်း

**အနှစ်မဆံ၊ ယူရန်ကင်းလွှော၊ အသောအဖျင်း၊ ပြောခြင်းမလေ့၊ ကုသိုလ်ငွေ့ကြောင့်၊** ခြင်္သေ့မင်းလို၊ ရွှန်းစိုပွံ့ပွံ့၊ ဖြိုးစုန့်စုန့်လျှင်၊ ပြုံးတော့မည်ပုံ၊ ဆန်းတုံဆယ့်နှစ်ရက်၊ စန်းယုန်စက်သို့၊ ရောင်ယှက်ထွန်းပေါ်၊ မြတ်မေးတော်ဖြင့်၊ ကျူးကျော် ဘယ်သူ၊ တစ်ယောက်လူမျှ၊ ကလူနိုင့်ထက်၊ မချိုးဖျက်နိုင်ပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

### ၃၁။ ၃၂။ ညီညာသော သွားတော်နှင့် ဖြူဖွေးသောစွယ်တော်လေးဆူ ရှိကြောင်း

**ကြီးငယ်တောင်းလျှင်၊ ချိန်ခွင်တိုရှည်၊ လိမ်လည်လုယက်၊ ခိုးနှိပ်စက်၍၊ အသက်မွေးခြင်း၊ ကင်းခဲ့သောကြောင့်၊** မခေါမသီ၊ စိန်ကိုစီသို့၊ ပြေညီသွားတော်၊ စွယ်တော်လေးဆူ၊ ဆွတ်ဆွတ်ဖြူသား၊ ကိုယ်တော့်သွား၏၊ နှစ်ပါးခြင်းရာ၊ လက္ခဏာဖြင့်၊ ယုတ်မာကောက်ကျစ်၊ ဆိုးညစ်သောသူ၊ မပါမူ၍၊ ဖြောင့်ဖြူသပ္ပါယ်၊ လ၌ကြယ်သို့၊ စင်ကြယ်သောအခြံအရံ ရှိတော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

### နိဂုံးချုပ် လက္ခဏာတော်ဘုရားရှိခိုး

ဤသို့ကောင်းမှု၊ ကိုယ်တော်ပြု၍၊ ယခုခါဝယ်၊ သုံးဆယ့်နှစ်ပါး၊ ယောက်ျားအင်္ဂါ၊ လက္ခဏာဖြင့်၊ စကြာသခင်၊ ဖြစ်မည်လျှင်တည့်၊ စက်-ဆင်-မြင်း-မြ၊ မ-ငွေ-သား-ဟု၊ ခုနစ်ပါးရတနာ၊ သားမှာတစ်ထောင်၊ လေးကျွန်းဘောင်ဝယ်၊ ဘုန်းခေါင်စက္ကဝတ်၊ မချွတ်ဖြစ်မည်၊ လျှောက်တင်သည်ကို၊ မထီမလေး၊ တံထွေးပေါက်နှယ်၊ စွန့်ပစ်ပယ်၍၊ သောင်းနယ်လောကဓာတ်၊ လွှံ့ပတ်ကျေညာ၊ မဟာဓမ္မရာဇ်၊ မင်းဆုံးဖြစ်လျက်၊ ရေစစ်တွက်ကျူး၊ အံ့မဆုံးအောင်၊ ဘုန်းတော် ခြောက်စုံ၊ ဂုဏ်တော်အနန်၊ ဉာဏ်တော်ဖြာဖြာ၊ လက္ခဏာနိသင်၊ အမြဲဆင်သော၊ ရှင်ပင်ဘုရား၊ ကိုယ်တော်အားကို၊ ကိုးစားကြပ်ကြပ်၊ မြဲဆည်းကပ်လျက်၊ တံ့ဝပ်ရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုးပါ၏ မြတ်စွာဘုရား မြတ်စွာဘုရား။

**(ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကရေဆရာတော်ဘုရားကြီး၏ မဟာဗုဒ္ဓဝင် ဒု-တွဲမှ ကောက်နုတ်ပူဇော်အပ်ပါသည်။)**